လူတစ်ဦးသည် ဤလောက၌ အခြားသူတစ်ဦး၏ အပြစ်များကို

ဖုံးကွယ်ပေးလျှင်၊ အလ္လာဟ်အရှင်မြတ်သည်

ကိယာမတ်နေ့တွင် ထိုသူ၏ အပြစ်များကို

ဖုံးကွယ်ပေးတော်မူမည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "လူတစ်ဦးသည် ဤလောက၌
အခြားသူတစ်ဦး၏ အပြစ်များကို ဖုံးကွယ်ပေးလျှင်၊ အလ္လာဟ်အရှင်မြတ်သည်
ကိယာမတ်နေ့တွင် ထိုသူ၏ အပြစ်များကို ဖုံးကွယ်ပေးတော်မူမည်။"
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်မှာ - မည်သည့်ကိစ္စတွင်မဆို မွတ်စ်လင်မ်တစ်ဦးသည် မိမိ၏မွတ်စ်လင်မ်ညီနောင်တစ်ဦး၏အပြစ်များကို ဖုံးကွယ်ပေးလျှင်၊ အလ္လာဟ်အရှင်မြတ်သည် ကိယာမတ်နေ့တွင် ထိုသူ၏အပြစ်များကို ဖုံးကွယ်ပေးတော်မူမည်။ အဘယ်ကြောင့်ဆိုသော် လူသားသည်သူ၏အပြုအမူနှင့်အညီ အကျိုးဆက်ကို ခံစားရသည်။ ၎င်းအား အလ္လာဟ်အရှင်မြတ်၏ဖုံးကွယ်ပေးခြင်းဆိုသည်မှာ ကိယာမတ်နေ့ ရှင်ပြန်ထမည့်နေရာ၌ လူအုပ်ကြားတွင် ထိုသူ၏ချို့ယွင်းချက်များနှင့်အပြစ်အကုသိုလ်များကို ဖုံးကွယ်ပေးတော်မူခြင်းဖြင့်ဖြစ်သည်။ သို့မဟုတ် ၎င်းအား ထိုအပြစ်များအတွက် စစ်ဆေးမေးမြန်းခြင်းနှင့်ထုတ်ဖော်ပြောဆိုခြင်းမပြုခြင်းဖြင့်လည်းကောင်းဖြစ်နိုင်သည်။

https://sunnah.global/hadeeth/my/show/3777